အာအက်ဖ်အေ

၁၇-၀၁-၂၀၀၄ (မနက်ပိုင်း)

## အန်အယ်လ်ဒီအဖွဲ့ဝင် (၂၆)ဦး ပြန်လွှတ်လာမှုနှင့်ပတ်သက်ပြီး ဆက်သွယ်မေးမြန်းချက်။

မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကချင်ပြည်နယ်စည်းရုံးရေးခရီးစဉ်နဲ့ပတ်သက်ပြီး ဖမ်းဆီးထိန်း သိမ်းခံခဲ့ရတဲ့ အန်အယ်လ်ဒီအဖွဲ့ဝင် အားလုံးပေါင်း (၂၆)ယောက်ကို မနေ့က မြန်မာစစ်အစိုးရက ပြန်လွှတ်ပေးလိုက်တဲ့ အကြောင်း သတင်းရရှိပါတယ်။ ဒီအကြောင်းနဲ့ပတ်သက်လို့ မန္တလေးထောင်က ပြန်လွှတ်လာသူတွေနဲ့ တွေ့ဆုံခဲ့တဲ့ အန်အယ်လ်ဒီပါတီ မန္တလေးတိုင်း တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်သန်းနဲ့ မြစ်ကြီးနားထောင်က ပြန်လွှတ်လာတဲ့ အန်အယ်လ်ဒီပါတီ ကချင်ပြည်နယ် တွဲဖက် အတွင်းရေးမှူး ဦးနိုင်ဇော်ဝင်းတို့ကို ဆက်သွယ်ပြီး ဦးသစ်ထူးလွင်က အခုလို သတင်းပေးပို့ထားပါတယ် ခင်ဗျာ။

ပြန်လွှတ်လာတဲ့ အန်အယ်လ်ဒီပါတီဝင် (၂၆)ဦးကိုတော့ ရွှေဘိုထောင်က (၁၀) ဦး၊ ကလေးထောင်က (၃) ဦးနဲ့ မန္တလေးထောင်က (၈)ဦး၊ မြစ်ကြီးနားထောင်က (၅) ဦးဖြစ်ကြောင်း စုံစမ်းသိရှိရပါတယ်။ ပြန်လွှတ် လာသူတွေထဲမှာ ကလေးထောင်က ဒုဥက္ကဋ္ဌ ဦးတင်ဦး၊ နေအိမ်အကျယ်ချုပ် ကျနေတဲ့ ဒေါ်အောင်ဆန်း စုကြည်၊ ဦးအောင်ရွှေနဲ့ ဦးလွင်တို့ မပါဘူးလို့ သိရပါတယ်။ ရွှေဘိုထောင်နဲ့ ကလေးထောင်ကအန်အယ်လ်ဒီ အဖွဲ့ဝင်တွေက မေ (၃၀) ဒီပဲယင်းအကြမ်းဖက် မှုမှာ ဖမ်းဆီးထိန်းသိမ်းခံရသူတွေ ဖြစ်ပါတယ်။ မန္တလေးထောင်နဲ့ မြစ်ကြီးနားထောင်က အန်အယ်လ်ဒီအဖွဲ့ဝင်တွေက မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ကချင်ပြည်နယ် စည်းရုံးရေးခရီးစဉ်နဲ့ပတ်သက်ပြီး ဖမ်းဆီးထိန်းသိမ်း ခံရသူတွေ ဖြစ်တယ်လို့သိရပါတယ်။ ဒီအကြောင်းနဲ့ ပတ်သက်လို့ အန်အယ်လ်ဒီပါတီ မန္တလေးတိုင်း တွဲဖက်အတွင်း ရေးမှူးဦးမောင်မောင်သန်းကို အာအက်ဖ်အေက ဆက်သွယ်မေးမြန်းရာမှာ

ဖြေ။ ။ ကျွန်တော်တို့ ဒီမန္တလေးတိုင်းက တိုင်းဥက္ကဋ္ဌ ဦးဘိုဇံ၊ အဲဒါက တိုင်းဒုတိယဥက္ကဋ္ဌ ဦးစိုးအေး၊ နောက် တိုင်းအတွင်းရေးမှူးဦးသန်းထွန်း၊ ဘဏ္ဍာရေးမှူးဦးဘိုအေး (၄) ယောက်လွှတ်ပေးတယ်။ နောက် တစ်ခါ မိုးကုတ်က ဦးစံလင်း ဥက္ကဋ္ဌရယ်၊ ဦးမောင်ကို ဒုဥက္ကဋ္ဌ၊ ဦးကျော်သိန်း အတွင်းရေးမှူးရယ်၊ နောက် တစ်ခါ ကိုမင်းသူ လူငယ်တို့က (၄) ယောက်၊ အားလုံး ဒီ ကျွန်တော်တို့ မန္တလေးထောင်က (၈) ယောက် လွှတ်လာတယ်။

မေး။ ။သူတို့ အန်ကယ်လ်၊ ဒီ ပြန်လွှတ်လာတဲ့လူတွေနဲ့ အန်ကယ်လ်နဲ့ တွေ့ပြီးပြီလား။

ဖြေ။ ။ ဟုတ်ကဲ့၊ တွေ့ပြီးပြီခင်ဗျ။

မေး။ ။ သူတို့ ပြန်လွှတ်လာတဲ့ လူတွေအကုန်လုံးက ကျန်းမာရေးရော ကောင်းကြသလား ခင်ဗျ။

ဖြေ။ ။ ဟုတ်ကဲ့၊ ကောင်းကြပါတယ်၊ အားလုံးကောင်းပါတယ်။

မေး။ ။ သူတို့ လွှတ်ပေးတာ ဘယ်နေ့က လွှတ်တာလဲ။

ဖြေ။ ။ နောက် ကနေ့မှ လွှတ်တာပါ။ ကောင်းတယ်။ သူတို့ကို (၂) နာရီလောက် အိမ်ပြန်ရောက်ကြ ပါတယ်။

အဲဒီ (၈)ယောက်ထဲမှာ မန္တလေးတိုင်းဥက္ကဋ္ဌ ဦးဘိုဇံကိုတော့ အမှတ် (၁၆) ထောက်လှမ်းရေးတပ်တွေကနေ ပြန်လွှတ်ပေး တာဖြစ်ပြီး၊ ကျန်တဲ့ (၇) ဦးကိုတော့ မန္တလေးထောင်ကနေ ပြန်လွှတ်ပေးလိုက်တာဖြစ်ကြောင်း ဦးမောင်မောင်သန်းက ပြောပြပါတယ်။ ရွှေဘိုထောင်နဲ့ ကလေးထောင်က အဖွဲ့ဝင်တွေကတော့

ဖြေ။ ။ ရွှေဘိုမှာ အားလုံး (၁၀) ယောက်ရှိတယ်။ သူက မန္တလေးက ဒေါ်ဝင်းမြမြ ရှိမယ်။ ဦးတင်ထွန်းဦး ရှိမယ်။ နောက် ကျွန်တော်တို့ အမရပူရ ဥက္ကဌ ဦးလှမြင့်ရှိတယ်။ နောက် မန္တလေးတိုင်း အရှေ့မြောက် မြို့နယ်က ဦးရဲမြင့်အောင် ရှိတယ်ခင်ဗျ။ မြင်းမူက ဦးဘာဘာရှိတယ်။ နောက်တစ်ခါ ဝက်လက်က ဦးထွန်းမြိုင် ရှိတယ်။ နောက်တစ်ခါ ကသာက ဦးမြင့်ကြည်ရှိတယ်။ ပြီးတော့ ဦးစောလှိုင်ရှိတယ်။ နောက်တစ်ခါ ဘုတလင်က အောင်စံရှိတယ်။ နောက်တစ်ခါ ဒေါ်စုလုံ ခြံရေးနဲ့ ရွှေဘိုမှာ ကျန်နေတာက ကိုကျော်ဇင်ဝင်းဆိုတာ တစ်ယောက်ရှိတယ်။ အားလုံး ရွှေဘိုမှာ (၁၀) ယောက်ရှိတယ်။ (၁၀) ယောက်မှာ ကျွန်တော်တို့ မန္တလေးက (၄) ယောက်ပေါ့။

မေး။ ။ ဆိုတော့ ကလေးမှရော။

ဖြေ။ ။ ကလေးမှာက ကျွန်တော်တို့ မန္တလေးတိုင်းစည်း (၂) ဦး ရှိတယ်ခင်ဗျ။ အနောက်မြောက် လွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်အောင် ရှိတယ်။ နောက်တစ်ခါ မြင်းခြံကိုယ်စားလှယ် ဦးပေါခင် ရှိတယ်။ နောက်တစ်ခါ စစ်ကိုင်းတိုင်း ခင်ဦးက ဒေါက်တာဝင်းအောင်ရှိတယ်။ နောက် ကျွန်တော်တို့ ဥက္ကဌ ဦးတင်ဦး။

အဲဒါကတော့ ရွှေဘိုထောင်နဲ့ ကလေးထောင်က အန်အယ်လ်ဒီအဖွဲ့ဝင်တွေပဲ ဖြစ်ပါတယ်။ သူတို့အားလုံး လွှတ်မယ်လို့ ယူဆပေမယ့် အခုချိန်အထိတော့ အိမ်ကိုပြန်မရောက်သေးကြောင်းကိုလည်း

ဖြေ။ ။ ရွှေဘိုအဖွဲ့တွေကတော့ လွှတ်မယ်လို့တော့ ကျွန်တော်တို့ယူဆတယ်လေ။ ဒါပေမယ့် အခုထက်ထိတော့ သူတို့ အိမ်ကိုတော့ မရောက်ကြသေးဘူး။ ညပိုင်း အိမ်ရောက်ရင်တော့၊ မနက်ဖြန် မနက်ကျမှ ကျွန်တော်တို့ သိရမှာ။ ဦးတင်ဦး တော့ ကျွန်တော်ထင်တယ်လေ။ ရန်ကုန်များပို့ပြီးတော့ နေအိမ်များ ထားမလားမသိဘူးလေ။

အန်အယ်လ်ဒီပါတီ မန္တလေးတိုင်း တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်သန်းပြောပြသွားတာဖြစ်ပါတယ်။

မြစ်ကြီးနားထောင်က ပြန်လွှတ်လာတဲ့ အန်အယ်လ်ဒီပါတီ ကချင်ပြည်နယ်တွဲဖက်အတွင်းရေးမှူး ဦးနိုင်ဇော်ဝင်းကလည်း သူနဲ့အတူ မြစ်ကြီးနားထောင်က ပြန်လွှတ်လာသူတွေကို အခုလိုပြောပြပါတယ်။

ဖြေ။ ။ ကချင်ပြည်နယ်က ကျွန်တော်တို့ အခု ကျန်တာ (၅) ယောက်ပေါ့လေ၊ ကျွန်တော်တို့ ပြည်နယ် စည်းက ဥက္ကဌ ဦးလှစိုင်း၊ (၁၅) ယောက်ပေါ့နော်။ အတွင်းရေးမှူးဦးနေဝင်း ကျွန်တော်တို့ မြစ်ကြီးနားက။ နောက် တွဲဖက်အတွင်းရေးမှူး ကျွန်တော်နိုင်ဇော်ဝင်း မြစ်ကြီးနားက။ နောက် ကျွန်တော်တို့ မြစ်ကြီးနား မြို့နယ်စည်းက ဦးမဒန်ပေါက်လာ၊ နောက် လုံးခင်းက ဦးခဝါနော်၊ ဒီ (၅) ယောက်၊ ဒီဘက်က ဒီပဲယင်း အရေးအခင်းနဲ့ပတ်သက်ပြီး (၇) ယောက်ပေါ့လေ၊ (၂) ယောက်က အစောကြီးထဲက လွှတ်သွားတာ။ အခု ဒီနေ့ လွှတ်တာက ကျန်တဲ့ (၅) ယောက်ပေါ့လေ။ ကိုတင်စိုးနဲ့ ဒေါ်ငွေ ကြိုင်က အရင်လွှတ်သွားတယ်။

မြစ်ကြီးနားထောင်က ပြန်လွှတ်လာတဲ့ အန်အယ်လ်ဒီပါတီဝင် ကချင်ပြည်နယ် တွဲဖက်အတွင်းရေးမှူး ဦးနိုင်ဇော်ဝင်းကို အာအက်ဖ်အေက ဆက်သွယ်မေးမြန်းခဲ့တာဖြစ်ပါတယ်ခင်ဗျာ။

NCGUB